Mine awareness

# မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်လက်နက်ပစ္စည်းများ၏ အန္တရာယ်နှင့်စပ်လျဉ်း၍ အကြံပြုချက်များ

- မြေမြှုပ်မိုင်းအများစုသည် မြင်တွေ့ရန် ခက်ခဲပါသည်။ မြေမြှုပ်မိုင်း အပါအဝင် အသုံးပြုပြီး မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ၊ လက်လုပ်မိုင်းများသည် မြေကြီးပေါ်တွင်သာမက မြေအောက်တွင်လည်း ရှိတတ်ပါသည်။

- မိုင်းများသည် အရွယ်အစား၊ အရောင်၊ ပုံစံ အမျိုးမျိုးရှိကြပြီး သတ္တု၊ ပလတ်စတစ် (သို့) သစ်သား၊ ဝါးတို့ဖြင့် ပြုလုပ်ထားပါသည်။ မိုင်းတစ်လုံးကို တွေ့ရှိလျှင် ထိုတစ်လုံးသာမကဘဲ အခြားမိုင်းများလည်း ထိုနေရာနှင့် အနီးတဝိုက်တွင် ရှိနေတတ်ပါသည်။ မိုင်းနှင့် အခြား ပေါက်ကွဲတတ်သော ပစ္စည်းများတွင် သက်တမ်း ကုန်ဆုံးရက် မရှိပါ။

- မြေမြှုပ်မိုင်းများ၊ စွန့်ပစ်ထားသည့် ပေါက်ကွဲစေတတ်သော ခဲယမ်းပစ္စည်းများ၊ ထောင်ချောက်မိုင်းများနှင့် ပေါက်ကွဲမှုကို အစပြုပေးနိုင်သည့် ကိရိယာ (Fuse)များသည် စွမ်းအားပြင်းထန်သည့်အပြင် ဖြည်းညှင်းစွာ ထိမိရုံမျှဖြင့် ပေါက်ကွဲနိုင်ပြီး လူသေစေနိုင်ခြင်း၊ ပြင်းထန်စွာ ဒဏ်ရာရခြင်းနှင့် မော်တော်ယာဥ်များ ပျက်စီးခြင်းတို့ ဖြစ်စေနိုင်ပါသည်။



# မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်လက်နက်ပစ္စည်းများ၏ အန္တရာယ်နှင့်စပ်လျဉ်း၍ အကြံပြုချက်များ

- မြေမြှုပ်မိုင်းများ၊ အသုံးပြုပြီး မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ၊ စွန့်ပစ်ထားသော ပေါက်ကွဲပစ္စည်းများနှင့် လက်လုပ်မိုင်းများ အနားသို့ မချဉ်းကပ်ရ၊ လုံးဝ သွားမထိရ။

- ကလေးသူငယ်များကိုလည်း အဆိုပါပစ္စည်းများကို ထိကိုင်ခြင်း၊ ဆော့ကစားခြင်းမပြုရန် မိဘများက အသိပေး ပြောကြားရပါမည်။

- သွယ်တန်းထားသော ဝါယာကြိုးများ တွေ့ရှိပါက လုံးဝမထိပါနှင့်၊ အနားမကပ်ပါနှင့်၊ တက်မနင်းပါနှင့်။

- သံသယဖြစ်ဖွယ်ပစ္စည်းများ တွေ့ရှိပါက ဝေးဝေးမှရှောင်ပါ။ နေရာကို မှတ်သားထားပြီး ဒေသကာကွယ်ရေး တပ်ဖွဲ့များထံ သတင်းပို့၍ ရှင်းလင်းစေသင့်ပါသည်။



# မိုင်းနှင့် အခြား ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများ ရှိနေနိုင်သည့် နေရာများနှင့် သဲလွန်စများ (မိုင်းထောင်ထားနိုင်သည့် နေရာများ)

- တိုက်ပွဲ ဖြစ်ခဲ့ဖူးသော နေရာများ
- စစ်တပ်စခန်းနှင့် အဆောက်အဦများ၏ အနီးတဝိုက်
- စစ်ဆေးရေးဂိတ်ရှိခဲ့ဖူးသော နေရာများ
- စစ်တပ် ဆက်သွယ်ရေးမြောင်း (သို့) ကတုတ်ကျင်း ဖြစ်ခဲ့ဖူးသော နေရာများ
- စွန့်ပစ်ထားသော၊ ပျက်စီးနေသော အဆောက်အဦများနှင့် စစ်ကောင်စီက ဖျက်ဆီးထားသည့် နေအိမ်များ
- စွန့်ပစ်ထားသော စစ်တပ်သုံး ယာဉ်များနှင့် ပစ္စည်း ကိရိယာများ
- လမ်းပခုံးသားများ
- စစ်တပ်၏ ပစ္စည်းသိုလှောင်ရုံများသို့ အဝင်လမ်းများ
- တံတားနှင့် အနီးတဝိုက်နေရာများ
- လျှပ်စစ်ဓာတ်အား ပင်မလိုင်းများ၊ ဓာတ်တိုင်ကြီးများနှင့် တယ်လီဖုန်း တာဝါတိုင်ရှိသော နေရာနှင့် အနီးတဝိုက်
- မိုင်းရှိသည်ဟု မှတ်သားထားသော နေရာများ



# မိုင်းထောင်ထားနိုင်သည်ဟု သံသယဖြစ်ဖွယ် သဲလွန်စများ

- ဒဏ်ရာရနေသော၊ သေဆုံးနေသော တိရစ္ဆာန်များ
- အနည်းငယ်ပေါ်ထွက်နေသော၊ မြင်သာနေသော မိုင်း
- သွယ်ထားသော (သို့) ပြတ်နေသော တိုက်ကြိုး
- မြေပေါ်တွင်ပေါ်နေသော၊ မြေကြီးပေါ်တွင် ရှိနေသော အစပျိုးယမ်း (သို့) စနက်တံ
- မိုင်းထည့်သည့်သေတ္တာ(သို့)မိုင်းထုပ်ပိုးရာတွင်သုံးသောစာရွက်များ
- မြေပေါ်တွင် စွန့်ပစ်ထားသော စနက်တံ ၊ ဖောက်ခွဲရေးခလုတ်များ၊ ဓါတ်ကြိုးစများ၊ တိတ်များ၊ ပိုက်လုံးအတိုအစများ
- မြက်ပင်နှင့် အပင်ငယ်များ ပုံမှန်အတိုင်းမရှိခြင်း၊ ပုံမှန်မဟုတ်သည့် ဖို့ထားသော မြေ (သို့) မြေကြီး၊ သဲတို့အား ကုတ်ထား၊ ဖော်ထားသော မြေကျင်းငယ်များ
- တိုက်ပွဲဖြစ်ခဲ့သည့် လက္ခဏာများ (ဥပမာ-ပုံးကွဲထားသောကျင်းများ၊ ပုံးဆံ၊အမြောက်ဆံ အစအနများ ကျည်ကဒ်များနှင့် မီးလောင်ပေါက်ကွဲထားသည့် မြေနေရာများ)
- လတ်တလော မည်သူမျှ ဖြတ်သန်းသွားလာထားမှု မရှိသေးခြင်း
- သတိထားရမည့် သဲလွန်စများအား မတွေ့ပါကလည်း ဘေးကင်းလုံခြုံသည်ဟု လုံးဝမယူဆသင့်ပါ။



# မိုင်းအန္တရာယ်စက်ကွင်းအတွင်း ရောက်ရှိနေပါက သိရှိလိုက်နာသင့်သည်များ (MINED)

## M — Movement
လှုပ်ရှားမှုကို ချက်ချင်း ရပ်တန့်ခြင်း။

## I — Inform
အတူပါလာသူများနှင့် သက်ဆိုင်သူများကို အသိပေးခြင်း၊
အကူအညီတောင်းခံခြင်း၊ အဝေးတွင် နေစေခြင်း။

## N — Note
တည်နေရာကို မှတ်သားခြင်း၊ အနီးဆုံး ဘေးကင်း
လုံခြုံသည့်နေရာကို မှတ်သားခြင်းနှင့် ဖြတ်သန်းခဲ့သည့်
လမ်းကြောင်းကို မှတ်သားခြင်း။

## E — Evaluate
မိမိအခြေအနေကို သုံးသပ်ခြင်းနှင့်
တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ခြင်း

## D — Don't move
အန္တရာယ်ရှိနိုင်သည့်နေရာ၊ မသေချာသည့်နေရာကို
ဖြတ်သန်းပြီးမှ ဘေးကင်းရာသို့ ရောက်ရှိနိုင်မည်ဆိုပါက
လှုပ်ရှားမှုမပြုဘဲ အကူအညီရောက်လာနိုင်သည့်
အချိန်အထိ စောင့်ဆိုင်းခြင်း။

# မြေမြှုပ်မိုင်း အပါအဝင် ပေါက်ကွဲစေနိုင်သည့် လက်နက်ပစ္စည်းများရှိသည့် နေရာများတွင် နေထိုင် လှုပ်ရှားသွားလာကြသူများအတွက် အကြံပြုချက်များ

- အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ အသေးစိတ် အချက်အလက်များ ပြုစုခြင်းနှင့် အချိန်နှင့်တပြေးညီ ပြင်ဆင်ဖြည့်စွက်ခြင်း
- နယ်မြေဒေသအတွင်း အနီးဆုံးဆေးဝါးကုသမှု အကူအညီ ရယူနိုင်သည့် နေရာများကို ကြိုတင် မှတ်သားထားခြင်း
- မိသားစုနှင့်ရပ်ရွာဒေသအတွင်း မြေမြှုပ်မိုင်းအပါအဝင် ပေါက်ကွဲစေနိုင်သည့် လက်နက်ပစ္စည်းများ၏ အန္တရာယ်ကို သတိပြုမိစေရန် အသိပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်းနှင့် လိုက်နာရန်အချက်များကို အသိပေးလုပ်ဆောင်ခြင်း
- နယ်မြေအတွင်း လှုပ်ရှားသွားလာရသည့် အဖွဲ့အစည်းများဖြစ်ပါက အရေးပေါ် ဆေးအိတ်၊ ဆေးသေတ္တာကို အမြဲမပြတ် ယူဆောင်သွားခြင်းနှင့် နယ်မြေ ကျွမ်းကျင်သူကို ခရီးစဉ်တွင် လိုက်ပါစေခြင်း
- ညအချိန်တွင် ခရီးသွားလာမှု မပြုခြင်းနှင့် ဒေသန္တရလုံခြုံရေးစည်းမျဉ်းများကို လိုက်နာခြင်း
- စစ်လက်နက်ပစ္စည်းများတွေ့ရှိပါက ထိကိုင်ခြင်း၊ အမှတ်တရသိမ်းဆည်းခြင်း များ မပြုလုပ်ခြင်း
- စွန့်ပစ်ထားသည့် အဆောက်အဦ၊ လူအများ သွားလာခြင်းမပြုသည့် နေရာများကို ရှောင်ရှားခြင်းနှင့် တံတားများအောက်မှာ သွားလာမှု မပြုခြင်း
- အန္တရာယ်ဟု ယူဆရသည့် အရာဝတ္ထုကိုတွေ့ရှိပါက ဒေသကာကွယ်ရေးတပ်ဖွဲ့ များကို အကြောင်းကြားခြင်းနှင့် ယင်းတို့ကို ဖယ်ရှားနိုင်ရန်အတွက် ကျွမ်းကျင် သူများထံမှသာ အကူအညီရယူခြင်း
- **အရေးအကြီးဆုံးမှာ အချိန်တိုင်းတွင် အသိ၊ သတိနှင့် နိုးကြားမှုရှိခြင်း**